## တိုင်းပြည် တိုးတက် ပြောင်းလဲဖို့အတွက် ညီညီညွတ်ညွတ်လုပ်ဆောင်ကြဖို့ လူထု ဒေါ်အမာ တိုက်တွန်း
## ၂၈ နိုဝင်ဘာ ၂၀၀၇

မြန်မာနိုင်ငံမှာ မကြာခင် အကောင်းဘက်ကို ဦးတည်နိုင်တဲ့အပြောင်းအလဲတွေ ဖြစ်လာနိုင်မယ်လို့ မျှော်လင့်တဲ့အကြောင်း မနက်ဖန်အသက် (၉၂) နှစ်ပြည့်မယ့် မန္တလေးမြို့က စာရေးဆရာမကြီး လူထုဒေါ်အမာ က ပြောဆိုလိုက်ပါတယ်။ ဒါပေမယ့်လည်း မြန်မာပြည်သူတွေအကြား ညီညီညွတ်ညွတ်နဲ့ ဆက်လက်လုပ်ဆောင်ရမှာ တွေရှိတယ်လို့ ဆရာမကြီးကပြောပါတယ်။ အပြည့်အစုံကို ဦးသိန်းထိုက်ဦး က တင်ပြပေးထားပါတယ်။

မနက်ဖန်အသက် (၉၂) နှစ်ပြည့်တော့မယ့် မန္တလေးကစာရေးဆရာမကြီး၊ သတင်းစာ ဆရာမကြီး လူထု ဒေါ်အမာကို အသံမလွှင့်ခင်လေးမှာတင် ဗီအိုအေက ဆက်သွယ်မေးမြန်းတဲ့အခါ သူက ကျန်းကျန်း မာမာနဲ့ဘဲ တိုင်းပြည်အတွက် မျှော်လင့်ချက်တွေကို ထုတ်ဖေါ်ပြောဆိုခဲ့တာပါ။ မြန်မာနိုင်ငံဟာ အပြောင်းအလဲတွေနဲ့ အကောင်း ဖက်ကို ဦးတည်မယ်ဆိုတဲ့ မျှော်လင့်ချက်တွေရှိနေတယ်လို့ သူကအခုလိုပြောတာပါ။

> "အကောင်းဘက်ကတော့အမေမျှော်လင့်တယ်၊ အမေတို့တခုခုအပြောင်းအလဲတော့ဖြစ်ခါနီးပြီ လို့လေ၊ ဒါပေမယ့် အဲဒါက ဒီအတိုင်းတိုင်းကြီးတော့ ဖြစ်လာမှာမဟုတ်ဘူးသားရဲ့၊ လုပ်ကြရဦးမှာဘဲ၊ အဲဒီတော့ တို့ဗမာတွေ အချင်းချင်းနော်၊ နားလည်မှုနဲ့လက်တွဲပြီးတော့၊ တယောက်တယောက် သည်းညည်း ခံပြီးတော့ သွားရမှာလို့ အမေက အောက်မေ့တာဘဲ။"

(၁၉၃၆) ခုနှစ်ကျောင်းသားသပိတ်ကြီးပေါ်ပေါက်ခဲ့တဲ့ အချိန်ကတည်းက မြမဥ္ဇူ ဆိုတဲ့ကလောင်နာမည်နဲ့ ရေးသားခဲ့သလို ကျောင်းသားလှုပ်ရှားမှုတွေမှာပါခဲ့တဲ့ ဒေါ်အမာဟာ ဖိနှိပ်ကန့်သတ်မှုရှိခဲ့တဲ့ အုပ်ချုပ်ရေးစနစ် အောက် မင်းပြစ်၊ မင်းဒဏ်သင့်ခဲ့တဲ့ သတင်းစာဆရာတွေကိုပြမယ်ဆိုလို့ရှိရင် လူထုဦးလှ၊ လူထုဒေါ်အမာတို့ကို မြန်မာနိုင်ငံသမိုင်းမှာ ချန်ထားလို့မရပါဘူး။ သူ့ဘဝတလျှောက်လုံးမှာ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေးနဲ့ အာဏာရှင် ဆန့်ကျင်ရေးတိုက်ပွဲတွေကြားမှာ ကြီးပြင်းခဲ့တဲ့သူလည်းဖြစ်ပါတယ်။

မြန်မာအမျိုးသမီးတယောက်ရဲ့ ခံနိုင်ရည်ကို ပြတဲ့အခါမှာ လူထုဒေါ်အမာကို လူတော်တော်များများက ရည်ညွှန်းပြီးတော့ ပြောတဲ့ဟာလည်းရှိပါတယ်။ သူ့ရဲ့မွေးနေ့ဆိုလို့ရှိရင် အနယ်နယ်အရပ်ရပ်က သူ့စာတွေကို မြတ်နိုးသူ၊ သူ့ကိုလေးစားသူတွေ၊ ချစ်ခင်သူတွေ မန္တလေးမြို့ကိုရောက်လာတတ်ပါတယ်။ အခုလည်း မန္တလေးမြို့ မှာတော့ ဧည့်သည်တွေတော်တော်တည်များများရောက်နေပြီလို့ လူထုဒေါ်အမာက အခုလိုပြောပါတယ်။ မနက်ဖန် မှာ ဘုန်းကြီးကျောင်းမှာ ဆွမ်းကျွေးဖို့စီစဉ် ထားတဲ့အကြောင်းနဲ့ မွေးနေ့ပွဲကို ကြီးကြီးကျယ်ကျယ်တော့ မလုပ်ချင်ဘူး လို့ အမေလူထုဒေါ်အမာက ဗီအိုအေ ကိုပြောပါတယ်။ သူ့ရဲ့မွေးနေ့လက်ဆောင်စကားကိုလည်း အခုလို ပြောပါ တယ်။

> "အမေကလေ အများမေတ္တာ စေတနာနဲ့ အခုလိုအသက်ရှည်တယ်လို့ဆိုပြီး အမေက ဝမ်းသာ နေပြီး သာဓုခေါ်နေပါတယ်။ အမေကလည်း အကုန်လုံးကို၊ တပြည်လုံးကို၊ နောက် ဗမာတပြည်လုံးကို များများအေးချမ်းသာယာပါရစေ၊ စိတ်ချမ်းသာပါရစေလို့ ဆုတောင်းပါတယ်။

ဒါကတော့ မနက်ဖန် အသက် (၉၂) နှစ်ပြည့်ပြီဖြစ်တဲ့ မန္တလေးမြို့က စာရေးဆရာမကြီး၊ သတင်းစာ ဆရာမကြီး အမေလူထု ဒေါ်အမာပြောကြားသွားတာပါ။